## ဖူးစာရေးနတ်

အရှင်ကေလာသ
ဇန်နဝါရီ ၁၉၊ ၂၀၁၆။

---

ဘုန်းဘုန်း ဘုရား .. မြန်မာတို့ ယုံကြည်သည့် အချစ်နတ် သို့မဟုတ် ဖူးစာရေး နတ်သည် နတ်ပြည် ခြောက်ထပ်တွင် မည်သည့်ဘုံက ဆင်းသက်လာပါသနည်း။ အချစ်နတ်သား မြားနတ်မောင်နှင့် ပဉ္စသိခ နတ်သားတို့မှာ တူပါသလား။ ထိုအချစ် နတ်တွင် နာမည်သီးခြား ရှိပါသေးသလား အရှင်ဘုရား။

မောင်ခင်လှိုင် (တွံတေး)

---

## နတ် ၁၁–ပါး

သာသနာပ ကျမ်းတွေရဲ့ အဆိုအရ ကိုယ်ကိုစောင့်တဲ့နတ် ၁၁–ယောက် ရှိကြောင်း သမန္တစက္ခုဒီပနီကျမ်း (စာ–ဂု၄)မှာ ဆိုတယ်။ လုံးတော်ဆရာတော် အရ 'ကာလကဏ္ဏီ = အယုတ်ကိုသာ ဖြစ်စေသူ'ကိုပါ ထည့်ပြီး 'ကိုယ်စောင့်နတ် ၁၂–ပါး' ရှိကြောင်းနဲ့ ယင်း ၁၂–ပါးသည် ပိဋကတ်တွင် မလာ၊ ပိဋကတ်အလို ကိုယ်စောင့်နတ် တစ်ပါးသာ ရှိကြောင်း သိရပါတယ် (ပကိဏ္ဏကဝိသဇ္ဇနာကျမ်း ၂၊ စာ–၉၁၉)။

၁) သတ္တဘာဂ (လုံးတော်မူ သတ္တပါက)= နဖူးစာကို ရေးမှတ်သူ
၂) သူရဿတီ = ပညာကို ပွားစေသူ
၃) သကျ = စည်းစိမ်ဥစ္စာကို ပေးသူ
၄) မဟိရာဇ = အိပ်မက်ကို ပေးသူ
၅) ဝါမသူရ = နိမိတ်ကို ပြသူ
၆) ဇနသူရ (လုံးတော်မူ ဇလသူရ) = အလှူပေးသည်ကို မှတ်သူ
၇) ကရဝါ (လုံးတော်မူ ကဝါရန) = ကာမသုခကို ပေးသူ
၈) ယောတက (လုံးတော်မူ ယောတိက) = သွားလေရာ လိုက်၍ စောင်မသူ
၉) ကလျာဏမိတ္တ (လုံးတော်မူ ကလျာဏနိမိတ္တ) = ကောင်းသော စကားကို မှတ်သားသူ
၁၀) စန္ဒာဒေဝီ = ကျက်သရေကို စောင့်သူ
၁၁) နရိန္ဒာဒေဝီ = အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်သူ။

အချစ်နတ် ဖူးစာရေးနတ်ဆိုတာ အထက်ပါ ၁၁–မျိုးထဲက အမှတ်(၁) သတ္တဘာဂ သို့မဟုတ် သတ္တပါက နတ်ဆိုတာ ဖြစ်ဖွယ်ရှိတယ်။ လောကီကျမ်း သာသနာပ ကျမ်းတွေမှာ လာတဲ့ နတ်တစ်မျိုး ဖြစ်လို့ နတ်ပြည်ခြောက်ထပ်က နတ်မဟုတ်ဘူးလို့ ဆိုခွင့် ရှိတယ်။ အဲဒီ ဖူးစာရေးနတ်မှာ နာမည် သီးခြား ရှိမရှိ မသိရ။

## အနသုခုမကြောင့်

'ပြည်ထဲးရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏၊ အဖက်မရ၊ ခက်သုံးဝမူ၊ ဒုလ္လဘတွင်၊ မဝင်ပါလျက်၊ သည်အခက်ကား၊ တဘက်လွန်ကျူး၊ သာ၍ထူး၏၊ ရှေးဦးဖွားစ၊ ငါ့ကိုမသား၊ သတ္တဘာဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာ မရေးလေသလော (ဥမ္မဒန္တီပျို့၊ ပိုဒ်–၂၁)'။

'လွမ်းအောင်ခု .. ပြုရက်ပါပေ .. အနေခက်အောင် .. သွေလည်း မကွက်ပြီ ..
သတ္တဘာဂီ .. မညှာတာလေ .. တော့ပြီ .. အချစ်ဆိုးမို့ ..
မမုန်းရက်နိုင်သည် (ချစ်မိုးကြိုး)'။

'ရှေးတောင်းဆုရည် တွေ့ဆုံလို့ ချစ်ကြသည် .. တူစုံနှောင်နှံညီ .. ဩော် ..
သတ္တဘာဂ ဆောင်ကူညီ ထူးသည် .. ပျိုချစ်လွန်း မယ်ဒါလီ၊
သစ္စာထားမည်၊ မေတ္တာထားမည်၊ ရှစ်ကမ္ဘာ ဆုံးတိုင်၊ ပျိုကြင်မည် ..
အသက်ပင် အပ်မည် (မယ်ဒါလီ)'။

မဟာမင်းလှမင်းခေါင်ကျော် ဘွဲ့ခံ ဦးရွှန်း အစပြုတဲ့ မြန်မာ့ အနုသုခုမ ပညာရှင်တွေဟာ လောကီကျမ်းလာ အဲဒီ သတ္တဘာဂ အမည်ရှိ ဖူးစာရေးနတ်ကို တိုင်တည်ပြီး အနုစာတွေ ရေးခဲ့ကြလို့ မြန်မာတို့ရဲ့ နှလုံးသားမှာ အဲဒီနတ်ရဲ့ နာမည် ထင်ရှားလာတယ်လို့ ယူဆရပါတယ်။

## မြားနတ်မောင်

မြားနတ်မောင်ကတော့ ဂရိ အချစ်နတ်သား ကျူးပစ် (Cupid)က လာတာ ဖြစ်ဖွယ်ရှိတယ်။ ကျူးပစ်က စစ်တိုက်သူ မားစ် (Mars)နတ်နှင့် အချစ်နတ်သမီး ဗီးနပ်စ် (Venus)တို့ရဲ့ သား။ လေးနဲ့ မြားကို ကိုင်စွဲပြီး မိခင်ရဲ့နောက်က လိုက်လေ့ရှိတယ်။ သူ့မြားကို စိတ်ကူးတည့်ရာ ပစ်လွှတ်တတ်တယ်။ သူ့မြားချက် ထိခံရသူတိုင်း အချစ်စိတ်တွေ ပေါက်ပွားလာပြီး အဲဒီ ချစ်မြားဒဏ်ရာကို ကုသဖို့ ခက်သတဲ့။ မြားနတ်မောင် ကျူးပစ်ဟာ မစူးစမ်းဘဲ မကောင်းသူထိပ် ကောင်းသူထိပ် ပစ်ချင်သလို ပစ်တတ်လို့ လူတစ်ချို့ အချစ်ကိစ္စ အဆင်မပြေဖြစ်ကြသတဲ့။ ဂရိဒဏ္ဍာရီအရ ကျူးပစ်ဟာ လူမင်းသမီး ဆိုက်ခီ (Psyche)နဲ့ အကြင်လင်မယား ဖြစ်ရပါသတဲ့။

## ပဉ္စသိခ

ဒီနတ်သားက တာဝတိံသာမှာ နေတယ်။ ဗေလုဝ စောင်းကို တီးခတ်ပြီး သီကြားမင်းကို ဖျော်ဖြေသူ။ အတီးအဆိုအရေး ကောင်းတဲ့ အနုပညာရှင်။ သူက တိမ္ဗရုနတ်မင်းရဲ့ သမီးပျို သူရိယဝစ္ဆသာကို ကြိုက်နေပေမယ့်နတ်သမီးက မာတလိနတ်ရဲ့ သားဖြစ်သူ သိခဏ္ဍိ နတ်သားကို သဘောကျနေသတဲ့။ ကိုယ့်လူခမျာ သတ္တဘာဂ အချစ်နတ်နဲ့ ရင်းနှီးပုံ မရဘူး။ သူ့ရဲ့ ရင်တွင်း ခံစားချက်ကို နားထောင်ကြည့် ..

'တော၊ ရှင်မ သူရိယဝစ္ဆသာ၏။ ထနုဒရုံ၊ နတ်ပန်းရနံ့ မွှေးပျံ့ သင်းထုံ အစုံနှစ်ပါး ရင်ခွင်ကြားသို့။ ဩဂါဟော၊ ရှေ့ရှုသက်ဝင် ဝပ်ချင်စွာ့တကား (ဆီးဘန်နီဆရာတော် နိဿယ ပြန်ဆိုခဲ့တဲ့ အနက်ပါ)'တဲ့။

နောက်တော့ သိကြားမင်း လုပ်ပေးလို့ သူ့ရဲ့ စံဒေဝီနဲ့ ပေါင်းသွားရပါတယ်။ ဒါက ပါဠိတော်နဲ့ အဋ္ဌကထာမှာပါတဲ့ ပဉ္စသိခ နတ်သားရဲ့ အချစ်ဇာတ်လမ်းပါ။ ဒါလောက်ဆို မေးခွန်းထဲက သိချင်စရာတွေ စုံသွားလောက်ပြီလို့ ယူဆပါတယ်။ ❐